# နွေဦးအသံ
the voice of spring

11.4.2021 · Sunday · No . 6 · Daily News Pamphlet


## လားရှိုးမြို့ နောင်မွန်ရဲကင်းကို ညီနောင်မဟာမိတ်အဖွဲ့ (TNLA,AA,MNDAA) က တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်စစ်အုပ်စုမှ(၁၄)ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

## ပဲခူးမြို့အကြမ်းဖက်ခံရမှုတရက်အတွင်း ပြည်သူ(၈၀) ကျော်ကျဆုံးခဲ့ရပြီး ရပ်ကွက်နေပြည်သူအများအပြားနေရပ်စွန့်ခွာတိမ်းရှောင်နေကြရသော်လည်း ဧပြီ ၁၀ ရက်၌ အလံလွှင့်ထူ၍ သပိတ်စစ်ကြောင်း အရှိန်မပြတ်ဆက်လက်ချီတက်ဆန္ဒပြခဲ့ကြ

သတင်းတို

ရင်းမြစ် - မဇ္ဈိမ မှ

## ဗြိတိန်က ပြုလုပ်ဖိတ်ကြားသည့် ကုလလုံခြုံရေးကောင်စီ Arria Formula အစည်းအဝေးသို့ CRPH ၏ ရှေ့လုပ်ငန်းစဉ်များကို ဒေါ်ဇင်မာအောင် တက်ရောက်တင်ပြခဲ့ပြီး ဒီမိုကရေစီရရှိရေး ပြည်သူလူထုက မည်သည့်ပေးဆပ်မှုကိုမဆို အသင့်ရှိနေကြောင်း ပြောကြားခဲ့

သတင်းတို

ရင်းမြစ် - CRPH မှ

## "အုပ်ချုပ်ခွင့် (လုံး၀) မရစေရ" အနီရောင်လှုပ်ရှားမှု ပြုလုပ်နေကြ








ဧပြီလ ၁၀ ရက်၊ ရန်ကုန်တကသအဖွဲ့က ရွှေတိဂုံအရှေ့မုခ်၌ ပြုလုပ်ခဲ့သည့် 'အုပ်ချုပ်ခွင့် လုံး၀ မရစေရ' အနီရောင်လှုပ်ရှားမှုတခုကို တွေ့ရစဉ်-(ဓါတ်ပုံ-စီဂျေ)

## မိုးကုတ်မြို့ရေပူဆရာတော် အပါအဝင် (၃၁)ဦးကို ထောင်ဒဏ်(၃)နှစ် ချမှတ်ခဲ့ ဟုသိရ

သတင်းတို

ရင်းမြစ် - နွေဦးအသံ မှ

## အကြမ်းဖက်ရဲတပ်ဖွဲ့၏ကလေးကို ကုသပေးရန် ငြင်းဆိုသည့် ဘားအံရှိဆရာဝန်မကြီးဖမ်းဆီးခံရ

သတင်းတို

ရင်းမြစ် - မြန်မာနောင်းမှ

## တမူးမြို့ ပြည်သူနှင့် အကြမ်းဖက်စစ်အုပ်စုတို့ ပစ်ခတ်မှုဖြစ်ပွားရာ စစ်သား(၁၁)ဦးကျော်သေဆုံးခဲ့

သတင်းတို

ရင်းမြစ် - ဧရာဝတီ မှ

## သရုပ်ဆောင် ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့ ဇနီးမောင်နှံဖမ်းဆီးခံခဲ့ရကြောင်း သိရ

သတင်းတို

ရင်းမြစ် - ဘီဘီစီမှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

# သတင်းမှတ်စု

ဧပြီလ (၁၀) ရက်၊ ၂၀၂၁

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com



- အိန္ဒိယ-မြန်မာနယ်စပ်၊ တမူးမြို့၌ ပြည်သူနှင့် အကြမ်းဖက်စစ်အုပ်စုတို့ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး စစ်အုပ်စုဘက်မှ ၁၁ ဦးထက် မနည်း သေဆုံးကာ အများအပြား ဒဏ်ရာရရှိခဲ့။
- မြန်မာ့အရေးအပေါ် ကုလလုံခြုံရေးကောင်စီမှ မြန်မြန်ဆန်ဆန် အရေးယူရေးအတွက် အမေရိကန်နိုင်ငံက ဧပြီ ၉ ရက်၌ တောင်းဆိုခဲ့။
- မြန်မာနိုင်ငံအရေးအတွက် အာဆီယံ အထူးအစည်းအဝေးတရပ်ကို ဧပြီလ ၂၀ ရက်၌ ခေါ်ယူ ကျင်းပမည်ဟု ပြင်သစ်က ပြောကြား။
- လားရှိုး-မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နောင်မွန်ရဲကင်းကို ညီနောင်မဟာမိတ် ၃ ဖွဲ့ဖြစ်သော တအာင်း(TNLA)၊ ရခိုင်(AA)နဲ့ ကိုးကန့်(MNDAA)တို့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့(၁၄)ဦး သေဆုံးခဲ့ပြီး ၎င်းတို့၏ မိသားစုဝင် ၇ ဦး ထိခိုက်ဒဏ်ရာရရှိကာ (၂)ဦးခန့် ပျောက်ဆုံးနေ ဟုသိရ။
- ကျဆုံးသူ (၈) ဦးခန့် ရှိခဲ့သော မတ်လ ၁၁ ရက်၊ မိုးကုတ်မြို့အကြမ်းဖက်ဖြိုခွဲမှု၌ ဖမ်းဆီးခံခဲ့ရသည့် ရေပူဆရာတော်အပါအဝင် ၃၁ ဦးခန့်ကို ဧပြီ ၉ ရက်တွင် တရားရုံးက ထောင်ဒဏ် ၃ နှစ်စီ ချမှတ်ခဲ့ဟုသိရ။
- ဘားအံရှိ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာအုန်းအုန်းရီသည် ဆေးခန်းသို့ရောက်လာသော အကြမ်းဖက်ရဲတပ်သား၏ ကလေးကို ကုသရန် ငြင်းလိုက်ပြီးနောက်တွင် ပုဒ်မ ၅၀၅ (က)ဖြင့် အမှုဖွင့်ဖမ်းဆီးခံရသော်လည်း ပြည်သူများက ဆရာဝန်မကြီးကို ထောက်ခံအားပေးနေကြ။



- မန္တလေးရှိ ဘုရားကြီးငြိမ်းချမ်းရေးသပိတ်နဲ့ ဗကသ ကျောင်းသားသပိတ် ပူးပေါင်းပြီး နေဝင်ဆည်းဆာ သပိတ်ကို ချီတက်ပြုလုပ်ခဲ့။
- ရောဝတီ၊ ဖျာပုံမြို့မှ ပြည်သူများက ပါဆယ်ဖော့ဘူးများ ပေါ်တွင် ကြွေးကြော်သံများ ရေးသား၍ ဖျာပုံမြစ်အတွင်း ရေမျောကာ ဆန္ဒပြထုတ်ခဲ့ကြ။
- မော်လမြိုင်ရှိ လူငယ်များက လက်ဖဝါးများပေါ် မိမိတို့ဆန္ဒများကို အသီးသီးရေးပြီး စုပေါင်းဆန္ဒထုတ်ဖော်ခဲ့ကြ။
- တီးတိန်မြို့ရှိ CDM ပြုလုပ်နေသည့် သူနာပြုဆရာမ အပါအဝင် လူငယ် ၃ ဦး အဖမ်းခံရ။
- စစ်ကိုင်း၊ အရာတော်မြို့နယ်၊ ဝါးရောင်ကျေးရွာဆန္ဒပြပွဲ ဖြိုခွင်းခံရပြီး တဦးကျဆုံး၊ တဦး ဒဏ်ရာပြင်းထန်ကြောင်းသိရ။
- ရန်ကုန်-အင်းစိန် မီးရထားဝန်းမှ CDM ပြုလုပ်လျက်ရှိသည့် ဝန်ထမ်းများအား အလုပ်မဆင်းပါက အမှုဖွင့်မည်ဟု ခြိမ်းခြောက်။
- *သပိတ်မှတ်စု*
- ကချင်ပြည်နယ်၊ ဟိုပင်မြို့။ တောင်ငူမြို့။ ရန်ကုန်-ကျောက်တန်းမြို့နယ်။ ပြည်ခရိုင်၊ ပေါင်းတည်မြို့။ မန္တလေး-စဉ့်ကူိုင်မြို့နယ်၊ ပလိပ်မြို့။ ပေါင်မြို့နယ်-မုတ္တမ။ ရန်ကုန်-မြောက်ဥက္ကလာပမြို့နယ် တို့၌ လူမဲ့သပိတ် ပြုလုပ်ခဲ့ကြ။
- မုံရွာမြို့၊ မန္တလေးမြို့၊ ကန့်ဘလူမြို့၊ ပဲခူး-ညောင်လေးပင်မြို့နယ်။ ဆိုင်းတောင်ကျေးရွာ တို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်တိုင်း-မြောက်ဒဂုံမြို့။ ရန်ကုန်တိုင်း အလုံမြို့။ ပဲခူးတိုင်း- ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့။ ရေစကြိုမြို့နယ်၊ ရေလယ်ကျွန်းဒေသ။ စစ်ကိုင်းတိုင်း၊ ရေခါးကျေးရွာ။ ရန်ကုန်-ဒဂုံအရှေ့နှင့်မြောက်။ လောင်းလုံးမြို့နယ်-အောက်ရေဖြူကျေးရွာ ၊ကဒက်ကြီးကျေးရွာ။ မန္တလေး-မြစ်ငယ်မြို့။ ရန်ကုန်- မရမ်းကုန်းမြို့နယ်။ စစ်ကိုင်း-မြောင်မြို့နယ်၊ ဇရပ်ကုန်းကျေးရွာ။ မိုးကုတ်မြို့။ ဖြူးမြို့နယ်-ကညွတ်ကွင်းမြို့။ ရွှေဘိုမြို့။ ထားဝယ်မြို့တောင်ပိုင်း။ မကွေး- မြိုင်မြို့နယ်၊ မြိုင်အရှေ့တောင်။ မန္တလေး-ပြည်ကြီးတံခွန်မြို့နယ်။ မန္တလေး-မြတောင်စစ်ကြောင်း။ ရေဦးမြို့။ ပဲခူး-ဒိုက်ဦးမြို့။ ကချင်ပြည်နယ်၊ မိုးကောင်းမြို့။ စစ်ကိုင်း-ကသာမြို့ တို့၌ စစ်ကြောင်းများချီတက်၍ လမ်းလျှောက်ဆန္ဒဖော်ထုတ်ခဲ့ကြဟုသိရ။

ရင်းမြစ် – ခေတ်သစ်၊ရောဝတီ၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
ဧပြီလ(၉)ရက်အထိ

ကျဆုံးသူဦးရေ
- ၆၁၀ ဦး
( ကလေးငယ် ၄၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၂၉၃၁ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၅၂၀ ဦး

ရင်းမြစ် – အေအေပီပီမှ




ဧပြီ ၁၀ ရက်တွင် ပြုလုပ်ခဲ့သည့် မုံရွာရှိ တောင်သူများ၏ အသီးသပိတ်တစ်ခုကို တွေ့ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

**ညှော့ စာရင်း တိုင် မယ်ဆို CDM တွေကို အားနာပါ**

နွေဦးအသံ
the voice of spring